**(၇) ပြောင်းစမတ်/ပြောင်းမှိုသီးရောဂါ (Corn smut)**

**ရောဂါဖြစ်စေသောသက်ရှိ - *Ustilago maydis* (DC.) Corda**

**ရောဂါလက္ခဏာများ**

ရောဂါရပြောင်းဖူးတွင် အဖြူရောင်အဖုများစတင်ဖြစ်ပေါ်သည်။ တစ်ချို့ရောဂါရ ပြောင်းဖူးများတွင် မှိုအဖုသည် အဖြူရောင်အလုံးကြီးများသဖွယ်ဖြစ်နေသည်။ အဖု သည် တစ်ဖြည်းဖြည်းကြီးလာပြီး အညိုရောင်/အမဲရောင်ပြောင်းသွားသည်။ အဖုသည်ရင့်လာပါက ပေါက်ကွဲသွားပြီး အမဲ ရောင် မှိုစပိုးမှုန်များ ထွက်လာသည်။

 

**ကွယ်နှိမ်နင်းနည်းများ**

- ခံနိုင်ရည်ရှိသောမျိုးများကိုစိုက်ပါ။
- ရောဂါကျနေသော ပြောင်းဖူးများအား အလွယ်တကူသိမြင်နိုင်သဖြင့် မပေါက် ကွဲမီ ခူးယူဖျက်ဆီးပစ် ပြီး မှိုသတ်ဆေးကို ဖျန်းပါ။
- နိုက်ထရိုဂျင် (ယူရီးယား) ဓါတ်မြေသြဇာကို တစ်ခုတည်းကို များစွာသုံးခြင်း သည် ရောဂါကိုဆိုးရွားစေသည်။ ထို့ကြောင့် ဓါတ်မြေသြဇာကိုအချိုးညီမျှတ အောင်သုံးစွဲပါ။
- ရောဂါဖြစ်စေသောမှိုသည် အင်းဆက်ကိုက်ဖြတ်စားသောက်သော ဒါဏ်ရာများ မှ ဝင်ရောက်နိုင်သဖြင့် အင်းဆက်ဖျက်ပိုးများကိုကာကွယ်နှိမ်နင်းပါ။